ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၄)

(Village Development Project)

လုံမွန်းကျေးရွာအုပ်စု၊ ပန်ကျယ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်ကျယ်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ပန်ကျယ်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ပန်ကျယ်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ပန်ကျယ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်ကျယ်ကျေးရွာ
လားရှိုးမြို့နယ်

ပန်ကျယ်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်




ပန်ကျယ်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ပန်ကျယ်ကျေးရွာ ရာသီခွင် ပြက္ခဒိန်

လ / အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ထွာန်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
	—	—	ပျိုးကြဲ	စပါးခိုက်	စပါးခိုက်	ဧနှမ်းခိုက်	—	—	စပါးရိတ်	သါလီးသိမ်း	နှမ်းသိမ်း	—
	ဓာတ်	ဓာတ်	အသစ်တစ်	ဓာတ်များ	ဓာတ်များ	ဓာတ်များ	ဓာတ်များ	ဓာတ်များ	အသက်သွင်	အသက်သွင်	အသက်သွင်	ဓာတ်
	ရာသီများ	—	ဥက်ပျား	တုတ်ကွေး	ဥက်များ	—	—	ရာသီများ	—	—	ဓာတ်ကွာက် ရာသီများ	
အိမ်ခြံ မြေပတ်ဝန်းကျင်	—	—	အဖြစ်များ	—	ရွက်ဖြုတ်	အဆစ်ပြတ်	သီးပင်ရယ်ကင်း	အခွံပြတ်	—	—	—	—
	သကြမ်းအခါ	—	—	သကြမ်းကပ်	—	—	မီးဝင်းပွဲ	ကထိန်ပွဲ	—	—	ပွဲတော်ပွဲ	—
သဘာဝဘေးအန္တရာယ်ကျရောက်	—	လေတိုက်	လေတိုက်	မိုးကြိုး	—	—	—	—	—	—	—	—

ပန်ကျယ်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လာ:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်မတို့ ပန်ကျယ်ကျေးရွာသည် ရုမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်တွင် တည်ရှိပါသည်။ လားရှိုးမြို့၏ အရှေ့ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၃၁)မိုင်ခန့် ကွာဝေးပါသည်။ ပန်ကျယ်ကျေးရွာ၏ အရှေ့ဘက်အရပ်တွင် မိုင်းယော်ကျေးရွာ၊ အနောက်ဘက်အရပ်တွင် သစ်တော၊ တောင်အရပ်တွင် ဟွေဟုတ်ရွာနှင့် မြောက်အရပ်တွင် လုံမွန်းရွာ ပြောင်းဖူးစိုက်ခင်းများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၆၇)ဧကနှင့် ယာမြေ/တောင်ယာမြေ(၁၃၂)ဧက စုစုပေါင်း (၁၉၉)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက် ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျွန်မတို့ကျေးရွာအနီးရှိ သစ်တောများတွင် သဘာဝဆေးဖက်ဝင်အပင်များဖြစ်သည့် ထိဂရုန်း၊ နွယ်ချို၊ ဆင်တုံးမန္တယ်နှင့် ဂုံခါးတို့ အနည်းငယ် ပေါက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ သဘာဝတောတွင်းတိရစ္ဆာန်များဖြစ်သည့် တောကြောင်၊ တောဝက်၊ တောခွေး၊ ဖြူး၊ ဂျီ၊ မြွေ၊ ရှဉ့်၊ ဌက်၊ ယုန်၊ မျောက်နှင့် တောကြက်များလည်းရှိပါသည်။ လယ်ကွင်းများ၊ ချောင်း၊ မြောင်း၊ ပြောင်းဖူးခင်းများ ရှိပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ပန်ကျယ်ကျေးရွာတွင် ရုမ်းလူမျိုးများ အများစု နေထိုင်ကြပါသည်။ အိမ်ထောင်စု (၄၇) အိမ် ရှိပြီး လူဦးရေစုစုပေါင်း(၂၅၅)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၂)ယောက်၊ မ (၁၃၅)ယောက် စုစုပေါင်း(၂၅၅) ယောက် ရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၃)ယောက်၊ မ (-)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၁၂)ယောက်၊ မ(၁၀)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၇)ယောက်၊ မ(၁၁)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၉) ယောက်၊

မ(၁၀)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၇၃)ယောက်၊ မ (၉၆)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၆)ယောက်၊ မ (၈)ယောက်ရှိပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သော မိဘများသည် ကလေးများ ဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများက ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် ကျောင်းမရှိဘဲ(၁)မိုင်ခန့် ဝေးသည့် လုံမွန်းကျေးရွာ အ.မ.က မူလွန်သို့ သွားရောက်ပညာသင်ယူကြရပါသည်။ ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကလေးမရှိသလောက်ရှားပါးပါသည်။ အလုပ်လုပ်နိုင်သော အရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သော သူများသည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံသို့ သွားရောက်ကာ လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်မတို့ကျေးရွာတွင် ပြောင်းကို အဓိကစီးပွားဖြစ် စိုက်ပျိုးကြပြီး စပါး၊ ပြောင်း၊ မြေပဲတို့ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၆၇)ဧကနှင့် ယာမြေ/တောင်ယာမြေ(၁၃၂)ဧက စုစုပေါင်း (၁၉၉)ဧကရှိပါသည်။ စိုက်ပျိုးရာတွင် မိုးရေကို အဓိကထားပြီး စိုက်ပျိုးခြင်းဖြစ်သောကြောင့် မိုးရာသီအချိန်၌သာ ပြောင်းနှင့်စပါးကို စိုက်ပျိုးကြပါသည်။ ပြောင်းမျိုးစေ့များကို ရွာအနီးရှိ ပွဲရုံများထံတွင် ဝယ်ယူ၍ စိုက်ပျိုးကြပါသည်။ အမျိုးသားများက ထွန်စက်ကို မောင်းပြီး အမျိုးသမီးများက အစေ့ချကြရပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စိုက်ပျိုးရေး အလုပ်နှင့်တင် ဝမ်းစာမလုံလောက်၍ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ နှင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ပြီး မိသားစုကို ဘဏ်မှ တဆင့် ငွေလွှဲပေးကြပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စက်ချုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ယာဉ်စက်ကိရိယာပြင်ခြင်းအလုပ်တို့ကိုလည်း လုပ်ကိုင်ကြပါသည်။

ကျွန်မတို့ ပန်ကျယ်ကျေးရွာ၏ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက် ရှိသော အိမ်ထောင်စုသည် (၃၁.၈၅%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ် ရှိပါသည်။

မြေပိုင်ဆိုင်မှု ၂.၅၈က မှ ၅၈ကကြားရှိသော အိမ်ထောင်စုသည် (၁၉.၁၅%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅၈ကမှ ၁.၅၈က ကြားရှိသော အိမ်ထောင်စုသည်(၄၉.၀၀%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှု ၈ကများပါသည်။

ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းခွေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများ ကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုးဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်သော သူများကို အလယ်အလတ် သတ်မှတ်ပါသည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်းလုပ်သော သူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီးများရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည် သည်ဟု ယူဆသည်။

ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၅၀၀၀)မှ (၄၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၄၀၀၀)မှ အနည်းဆုံး(၃၀၀၀)ထိ ပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့ကျေးရွာတွင်
ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့်တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေးများ ဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှု များရှိတတ်ပါသည်။ ငလျင်သည် ၁၀နှစ်မှ ၁ခါ ဖြစ်ပေါ်သော်လည်း အိမ်ခြေပျက်စီးခြင်းမရှိပါ။ စိုက်ပျိုးချိန်တွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင် ခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ နွေရာသီတွင် တိရစ္ဆာန်ကူးစက်ရောဂါ(ကြက်နာ)အနည်းငယ်ကျရောက်မှုရှိပြီး မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒေါက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ် ခံစားရလေ့ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျေးရွာတွင် မြေနိမ့်ပိုင်း

နေထိုင်သူများသည် မိုးရွာ၍ တောင်ကျရေများစီးဆင်းသည့်အချိန်တွင် သွားရောက် လုပ်ကိုင်စားသောက်ရန် ခက်ခဲသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ကျေးရွာတွင် လက်လုပ်လက်စားများသောကြောင့် လုပ်သားများထိခိုက်လွယ်မှုမြင့်ပါသည်။ စားဝတ်နေရေးအတွက် အခြားဒေသတို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက်လွယ်မှု မြင့်ပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများဖြစ်တတ်သည်။ **ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။**

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပညာရေးအဖွဲ့၊ မိခင်နှင့်ကလေးအမျိုးသမီးရေးရာအဖွဲ့၊ ဘာသာရေးအဖွဲ့အစည်းတို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများ လိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

ပန်ကျယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်း(၂)ဖွဲ့ ရှိပါသည်။ ၎င်းတို့မှာ ဗြီးရှင်းဖန်းနှင့် NCV တို့ဖြစ်ပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော ကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများဖြစ်ပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် စိုက်ပျိုးမြေကပေါင်း(၁၉၉)ဧကရှိပြီး မစိုက်ပျိုးပဲထားသော မြေလွတ်မြေလပ်မရှိပါ။ **ပန်ကျယ်ကျေးရွာ၏ လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်းကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။**

ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် မြေပိုင်ဆိုင်မှု ၂.၅ကအောက်ရှိသော အိမ်ထောင်စု(၁၅)အိမ်

ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စု(၉)အိမ်ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေ လုံလောက် မှု ရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ ၁၂.၅ဧကကြားရှိသော အိမ်ထောင်စု (၂၃)အိမ်ခန့်ရှိပြီး တောင်သူလတ် များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ **ကျွန်မတို့ပန်ကျယ်ကျေးရွာ တွင် မြေမဲ့ယာမဲ့များမရှိဘဲ အားလုံးမြေယာပိုင်ဆိုင်မှု ရှိကြပါသည်။ တောင်သူကြီးများမရှိဘဲ ဆင်းရဲသားတောင်သူ၊ တောင်သူငယ် နှင့် တောင်သူလတ်များသာ ရှိကြပါသည်။ မြေယာများ ထပ်မံတိုးချဲ့ရန် မြေနေရာ နည်းပါးသည်ကို တွေ့ရှိရပါသည်။**

ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုလုပ်ကိုင်ရာတွင် မိုးကိုသာအားကိုး၍ စိုက်ပျိုးရပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၃၅)တင်းထွက်ပြီး၊ ပြောင်းအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ(၇၀)ပုံး၊ မြေပဲ အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ(၈၀)ထွက်ရှိပါသည်။စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ နိုဝင်ဘာလ အထိဖြစ်ပြီး အမြတ်ရရှိမှုမှာ နည်းပါသည်။ **သွင်းအားစုများဖြစ်သည့် မျိုးစေ့နှင့် မြေဩဇာများကို မိုင်းယော်ကျေးရွာသို့ အလွယ်တကူ သွားရောက် ဝယ်ယူနိုင်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ သီးနှံစေ့းကွက်အလိုက် အတက်အကျပေါ် မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့်မှာ ထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင် မြေဆီနည်းသောကြောင့် မြေဩဇာ အများအပြားထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍ အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။** ကျေးရွာအတွင်းရှိ လယ်သမားများသည် တစ်ဦးချင်းပိုင် ထွန်စက်မရှိဘဲ လက်တွန်းထွန်စက် (၂၈)လုံး၊ ခြွေလှေ့စက်(၁)ခု၊မြက်ရိတ်စက်(၁၉)ခုရှိပါသည်။**လက်တွန်းထွန်စက် ပိုင်ဆိုင်မှုများ ပြီးငှားရမ်း လုပ်ကိုင်ရသည့် တောင်သူဦးရေ နည်းပါသည်။ စပါးခြွေလှေ့စက် (၁)လုံးသာ ရှိပြီး တစ်ရွာလုံးငှားရမ်း အသုံးပြုကြပါသည်။ မြက်ရိတ်စက်များမှာ လယ်ယာသိမ်းချိန် ကြက်တွန်ဖြူ စိုက်ရာတွင်လည်းကောင်း၊ ယာထွန်ရက်ခါနီး ခြံရှင်းရန်အတွက်လည်းကောင်း အသုံးပြုကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ အသင့်တင့်အသုံးပြုနိုင်ကြသည်ကို တွေ့ရှိရပါသည်။**

ကျေးရွာတွင် လယ်ယာမြေအကုန်လုံးကို စိုက်ပျိုးနိုင်သောကြောင့် လယ်ယာမြေ အသုံးချနိုင်မှု အလွန်ကောင်းပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုကို မေတ္တာစက်ဝန်းနှင့် ငွေချေး ပေးသူ များထံတွင် ရရှိနိုင်ပါသည်။ စိုက်ပျိုးရေအရင်းအမြစ်သည်လည်း အသင့်အတင့် ရှိပါ သည်။ ထို့အပြင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာ ပြောင်းဖူး ပွဲရုံ များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ စိုက်ပျိုးရာတွင်

လုပ်သားဌာနရမ်းသူများသောကြောင့် လုပ်သားဌာနရမ်းရန်ခက်ခဲပါသည်။ သီးနှံများကို ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်မတို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါ ကျရောက် မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၇)အိမ်ရှိပြီး နွားကောင်ရေ (၁၃၆)ကောင်၊ အိမ်ထောင်စု(၆)အိမ်မှ ကျွဲ(၃၃)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။ **ပန်ကျယ်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းမှာ ကျွဲနှင့် နွားကို အဓိကထား မွေးမြူကြပါသည်။ ထိုသို့ မွေးမြူရာတွင် ကိုယ်ပိုင်လုပ်ငန်းများမဟုတ်ဘဲ မိုင်းယော် ကျေးရွာရှိ ချမ်းသာသူများထံမှ မွေးဖက်မွေးမြူကြပါသည်။** ကျွန်မတို့ရွာတွင် မွေးမြူရေး လုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ စိမ့်စမ်းရေများရှိခြင်းကြောင့် ရေအလုံအလောက်ရှိပါသည်။ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့်ဝယ်ယူရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီး အစာ၊ ဆေးများကိုလည်း နီးစပ်ရာ စျေးကွက်တွင် ဝယ်ယူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ရှိသောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ရန် အိမ်ခြံမြေအတွင်း မြေနေရာ အသင့်အတင့်ရှိပါသည်။ ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေရှားပါးပါသည်။ ကျွန်မတို့ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာ ဝန်ဆောင်မှုများ မရပါ။ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုများရရှိလျှင် ကျွန်မတို့ရွာအတွက် အလွန်အဆင်ပြေပြီး ရွာသူ/ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့ သွားရောက်၍ စီးပွားရှာစရာမလိုတော့ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အခွင့်အလမ်း များမှာ ခေါက်ဆွဲစားတူလုပ်ငန်း၊ ထင်းခုတ်ခြင်းလုပ်ငန်းနှင့် သစ်တောထွက် သစ်ဥ၊ သစ်ဖု များ ရှာဖွေခြင်းလုပ်ငန်းသာလျှင် လုပ်ကိုင်ကြပါသည်။ ကျန်သည့်လုပ်ငန်းများ လုပ်ဆောင် ခြင်းမရှိသဖြင့် ချေးငွေရယူရန် မလိုအပ်ပါ။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖု ရှာဖွေခြင်း လုပ်ငန်း နှင့် ခြံထွက်သီးနှံများ စျေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ စျေးကွက် မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ တူလုပ်ငန်း

လုပ်ကိုင်မည်ဆိုပါက ဈေးကွက် ကို ကောင်းစွာနားမလည်၊ ကုန်ကြမ်းရရှိမှု နည်း၊ ချေးငွေကို လိုသလောက် မရရှိနိုင်မှု၊ လုပ်ငန်း ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါး သည်ကို တွေ့ရှိရပါသည်။ပန်ကျယ်ကျေးရွာသည် လားရှိုးမြို့နှင့်(၂၇)မိုင်ခန့် ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အရစ်ကျစနစ် ဖြင့် ရရှိထားသော ဆိုလာမီးများကို အသုံးပြုကြပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။ချေးငွေများကို အဖွဲ့လိုက် ငွေစု/ငွေချေး အဖွဲ့ ဖြစ်သော KAI အဖွဲ့ နှင့် ငွေချေးပေးသူများထံတွင် ချေးယူကြပါသည်။ အချို့မှာ ဆောင်းရာသီ အခါ ရေပူစမ်းတွင် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းရှိပါသည်။ အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပညာကို တတ်မြောက်သော လူဦးရေ အနည်းငယ်ရှိပါသည်။ ဥပမာ-စက်ချုပ် ပညာ တတ်မြောက်ခြင်းဖြစ်သည်။ ဒေသထွက်ကုန်များ ရောင်းချရန် ဈေးကွက်နှင့် အသိအမြင် များ မရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ရွာတွင် အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု များ လည်း လိုအပ်လျက်ရှိသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် ငွေချေးပေးသူများထံတွင် အတိုးနှုန်း ၃%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို (၆)လမှ တစ်နှစ်အတွင်း ပြန်၍ဆပ်ရပါသည်။ ထို့အပြင် ကျွန်မတို့ရွာတွင် အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်ဖြစ်သော မေတ္တာစက်ဝန်းထံတွင်လည်း အတိုးနှုန်း ၂.၅%ဖြင့် ချေးယူကြရပါသည်။ ချေးငွေကို ချေးယူ ရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။ ကျွန်မတို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် တောင်ယာလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အလွန်ပင် အခက်အခဲရှိပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်မတို့ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၅၀)စီး၊ ထော်လာဂျီ(၁၀)စီးနှင့်ကား(၁)စီး၊ နွားလှည်း(၂)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုကြပါသည်။

ကျွန်မတို့ကျေးရွာ၏ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ဗွက်ထ ခြင်း၊ ရေတိုက်စားခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်ခြင်းကြောင့် သွားလာရခက်ခဲပါသည်။ လမ်း

အရှည်မှာ ၁မိုင်ခန့်ရှိပြီး **တစ်နှစ်ပတ်လုံးသွားလာရန် ခက်ခဲပြီး ပွင့်လင်းရာသီတွင်သာ သွားလာရန် လွယ်ကူပါသည်။** ရွာချင်းဆက်လမ်းသည် ရပ်ရွာမှစုပေါင်း၍ ဖြုံးကျောက်ခင်း သောကြောင့် သွားလာရအဆင်ပြေပါသည်.။ကျွန်မတို့ကျေးရွာတွင် မြစ်များ၊ ချောင်းများမရှိ သောကြောင့် မည်သည့် တံတားအမျိုးအစားမှ အသုံးပြုခြင်းမရှိပါ။ ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း မရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ကျေးရွာတွင် ဆိုလာဘက်ထရီမီးသာလျှင် အသုံးပြုကြပါသည်။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီး အသုံးပြုသည့် အိမ်ထောင်စု(၄၇)အိမ်ရှိပါသည်။ **အချို့မှာ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဆိုလာများ အရစ်ကျငွေချေငွေစနစ်ဖြင့် ဆိုလာများ ရရှိတပ်ဆင်ထားပြီး အချို့မှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆိုလာများ တပ်ဆင်ထားမှုကြောင့် မီးရရှိမှုအဆင်ပြေပါသည်။ မြို့နယ် ကျေးလက်ဦးစီးဌာနမှ တပ်ဆင်ထားသော ဆိုလာများမှာ အရည်အသွေးနှင့် ပြုပြင်ထိန်းသိမ်းရေး စနစ်လည်းကောင်းမွန်ပါသည်။ အချို့အိမ်ထောင်စုများမှ ကိုယ်ထူကိုယ်ထတပ်ဆင်ထားသော ဆိုလာဘက်ထရီများမှာ သက်တမ်းကုန်ဆုံးပါက သုံးစွဲရန် အခက်အခဲရှိပြီး** ပြုပြင် ထိန်းသိမ်းရေး စနစ်မှာလည်း ညံ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆိုလာပျက်သည့်အချိန်တွင် ပြုပြင်ရန် အတွက် ဆိုင်မရှိဘဲ အသစ်တာဝယ်ရခြင်းကြောင့်ဖြစ်သည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ပန်ကျယ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၆၈)လုံးမှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၇။ ပညာရေး

ကျွန်မတို့ကျေးရွာတွင် စာသင်ကျောင်းမရှိဘဲ အ.မ.က(လုံမွန်း)နှင့် မိုင်းယော် အ.ထ.က(ခွဲ)သို့ သွားရောက် ပညာသင်ယူရပါသည်။ အလယ်တန်းကျောင်းဖြစ်ပြီး **စာသင်ကျောင်း၏ စုစုပေါင်း ဧရိယာမှာ (၆၀) (၃၀)ပေ** ကျယ်ဝန်းပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ **ဆောက်လုပ်စ ကျောင်းဆောင်သစ် ဖြစ်သောကြောင့် အမိုး၊ နံရံ၊ အခင်းသည်လည်း အရည်အသွေးကောင်းမွန်ပြီး** ကျောင်းသုံး ပရိဘောဂသည်လည်း လုံလောက်မှု ရှိပါသည်။ ကျောင်းအိမ်သာသည်လည်း ယင်လုံအိမ်သာ ဖြစ်သောကြောင့် ကျောင်း၏

ကလေးများ ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ **အထက်တန်းကျောင်းကို လားရှိုးမြို့သို့ တက်ရောက် ရပါသည်။**

ကျွန်မတို့ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၆၉)ဦးနှင့် မ(၈၂)ဦးရှိပါသည်။ မူလတန်း အဆင့်ရှိသူ ဦးရေမှာ ကျား(၂၉)ဦးနှင့် မ(၂၇)ဦးရှိပြီး အလယ်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၆)ဦး နှင့် မ(၁၁)ဦးရှိပါသည်။ အထက်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၁)ဦးနှင့် မ(၃)ဦးရှိပြီး တက္ကသိုလ်၊ ကောလိပ် အဆင့်ရှိသူဦးရေမှာ မ(၂)ဦးရှိပါသည်။ **ကျောင်းအာဟာရတိုက်ကျွေးမှုတွင် ရွာလုံးကျွတ် စုပေါင်း၍ နေ့စဉ်တိုက်ကျွေးမှုရှိပါသည်။**

ရွာတွင် လက်ရှိမူလတန်းတက်ရောက်နေသော ကျား(၁၅)ဦးနှင့် မ(၁၇)ဦးရှိပြီး အလယ်တန်း တက်ရောက်နေသော ကျား(၄)ဦးနှင့် မ(၆)ဦးရှိပါသည်။ အထက်တန်းတက်ရောက်နေသော ကျား(၁)ဦး နှင့် မ(၂)ဦးရှိပြီး တက္ကသိုလ်၊ ကောလိပ်တက်ရောက်နေသော ကျောင်းသား/သူ အနည်းငယ်ရှိပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှုမှာလည်း ကျောင်းမှ တိုက်ကျွေးသော အာဟာရသာ ရှိပါသည်။ ကျောင်း ဆရာ၊ ဆရာမ၏ ဦးရေသည်လည်း အစိုးရမှ ခန့်ထားသော ဆရာမ(၃)ဦးသာရှိပါသည်။ ရွာတွင် ကလေးများကိုစာသင်ပေးရန်အတွက် ဆရာ၊ဆရာမ လုံလောက်မှုမရှိပါ။

ကျွန်မတို့ကျေးရွာတွင် (၆)နှစ်ပြည့်လျှင် မူလတန်း အဆင့်ပညာကို အိမ်တိုင်းရှိ ကလေးများ အားလုံးသင်ယူနိုင်ပါသည်။ မူလတန်းမှ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်ပညာကို သင်ယူရန် မြို့ပေါ်သို့ တက်ရောက်ကြရပါသည်။ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် အများအားဖြင့် အလယ်တန်းပညာနှင့် အထက်တန်းပညာ၊ တက္ကသိုလ်၊ ကောလိပ်ကို သင်ကြားရန် ညီကိုမောင်နှမ များခြင်း၊ မြို့ပေါ်၌ အသိဆွေမျိုးများမရှိခြင်း၊ နေစာရာ အိမ် များ မရှိခြင်း၊ တချို့မိဘများသည် နေ့စားအလုပ်နှင့်မိသားစုကို ကျွေးမွေးပြုစုရသောကြောင့် ကလေးအတွက် ကျောင်းစရိတ်ကို လုံလောက် စွာမပေးနိုင်ခြင်းများကြောင့် ကောလိပ်များသို့ တက်ရောက်နိုင်သူ နည်းပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ရွာတွင် သွေးတိုးရောဂါသည် အဖြစ်အများဆုံးသောရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဋ္ဌက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့မှာ အဖြစ်နည်းကြပါသည်။ HIV,AIDS, လိင်မှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါများ မရှိပါ။

ကျွန်မတို့ ပန်ကျယ်ကျေးရွာသည် ရောဂါကာကွယ်ရန်အတွက် ကာကွယ်ဆေးကို ပုံမှန် ထိုးနှံ ကြပါသည်။ အဆုတ်ရောဂါ၊ ပိုလီယိုရောဂါ၊ မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ ဝက်သက် ရောဂါကာကွယ်ဆေးတို့ကို ဆေးခန်းတွင် ပုံမှန်သွားရောက်ထိုးနှံကြပါသည်။ အခြား စုပေါင်းကာကွယ် ဆေးထိုးမှုနှင့် အာဟာရမှတ်တမ်းယူမှု ဥပမာ–အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်တို့ကိုလည်း လုပ်ကြပါသည်။ သို့သော် ကျွန်မတို့ရွာတွင် ပညာပေး အစီအစဉ် မရှိပါ။

ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင်စားသုံးခြင်း မရှိခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားတတ်ပါသည်။ ကြိုတင်ကာကွယ်ခြင်း များ မရှိသောကြောင့် ဌက်ဖျားရောဂါဖြစ်ပွားမှုများလည်း ရှိပါသည်။ သို့သော် ကျန်းမာရေး ဌာနမှ ခြင်ဆေးများ ဖြန်းပေးခြင်း၊ ကျန်းမာရေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။

ကျွန်မတို့ကျေးရွာသည် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးထားပါသည်။ စိမ့်စမ်းရေသွယ်ပြီး သုံးစွဲလျှက်ရှိပါသည်။ ကျွန်မတို့ ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲ ကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပန်ကျယ်ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ ရွာသည် သဘာဝ သစ်ပင်များကို ထိန်းသိမ်းသဖြင့် ရေသည် မခမ်းခြောက်ပဲ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် နမ့်နွမ်းချောင်းဖြတ်သန်းစီးဆင်းလျှက်ရှိ သည်။ ငါးများလည်း အတော်အသင့် ပေါများ ပါသည်။ ၎င်းချောင်းများတွင် ငါးရှော့တိုက်ခြင်း၊ ငါးမိုင်းခွဲခြင်းမပြုလုပ်ရန် ကျေးရွာမှ တားမြစ် ထား ပါသည်။ လယ်ထွန်ရာတွင် လက်တွန်းထွန်စက် ဖြင့်သာ စိုက်ပျိုးလုပ်ကိုင်သဖြင့် ကျွဲ၊ နွားများကို ရောင်းချကြပါသည်။ ထို့အပြင် စားကျက်မြေ များ ရှားပါးသဖြင့် ကျွဲ၊ နွားမှာ မရှိသလောက် ရှားပါးသွားပါသည်။ လမ်းများတွင် အမှိုက် စွန့်ပစ်ရန် ပုံးများ၊ အမှိုက်ထည့်သည့် အိတ်မရှိသဖြင့် လမ်းများတွင် အမှိုက်စ အလွန်များပါသည်။ အချို့အိမ်များသည် အမှိုက်များကို စနစ်တကျ မီးရှို့ ဖျက်ဆီးကြပါသည်။ အမှိုက် များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်နိုင်မှုမရှိပါ။ အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်ဆုံးသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီး

အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် အနားယူအပန်းဖြေရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာအစည်းအဝေး ဟောပြောပွဲများပြုလုပ်ရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာအစည်းအဝေး ဟောပြောပွဲများ ပြုလုပ်ရန်နေရာများ မရှိသောကြောင့် မဏ္ဍပ် များ စျေးကြီးပေးပြီး ငှားရမ်းသုံးစွဲကြရပါသည်။ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ ရှမ်းရိုးရာဓလေ့များ ထိန်းသိမ်းခြင်း၊ ရှမ်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲနှင့် ရပ်ရွာပွဲများတွင် လူငယ်များသည် တိုးနယားအကများ၊ ရှမ်းယဉ်ကျေးမှုအကများဖြင့် ကပြ ဖျော်ဖြေလေ့ ရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်မတို့ကျေးရွာတွင် တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များရှိသော်လည်း အင်တာနက်လိုင်းများနှင့် ရုပ်မြင်သံကြားလိုင်းမရပါ။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ ဖြန့်ဝေခြင်းဆိုင်ရာ ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦများမရှိပါ။ ရွာတွင် လူကုန်ကူးမှု၊ ခိုးမှုနှင့် အကြမ်းဖက်မှုမရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ သုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုအနည်းငယ်ရှိပါသည်။အမျိုးသမီးများအားအကြမ်းဖက်မှုများမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၁	3	3			
၂	ရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၂	3	3	3		
၃	စိုက်ပျိုးရေးပညာပေးဟောပြောပွဲ	၃	3	3	3		
၄	မွေးမြူရေးပညာပေးသင်တန်း	၄	3	3	3	3	3
၅	ကျန်းမာရေးအသိပညာပေးသင်တန်း	၅		3			

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ပန်ကျယ်ကျေးရွာ
ကျေးရွာအုပ်စု	- လုံမွန်းကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာတွင် လူဦးရေတိုးလာ၍ အိမ်ခြံမြေနေရာများ ကျဉ်းမြောင်းလာခြင်း • မထွာပ်ဌားရမ်းခ စျေးကြီးခြင်း၊ ခက်ခဲခြင်း • ကျေးရွာဟောပြောပွဲပြုလုပ်ရန် အဆောက်အဦးမရှိခြင်း	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • ကျေးရွာ မင်္ဂလာဆောင်ပွဲများ၊ ဌာနဆိုင်ရာမှကျင်းပပြုလုပ်သည့် ဟောပြောပွဲ၊ နည်းပညာပေး သင်တန်း များ ကျင်းပပြုလုပ်ရာတွင် နေရာထိုင်ခင်းအခက်အခဲရှိခြင်း • ဘုန်းကြီးကျောင်းများတွင် ကျင်းပပြုလုပ်ရခြင်း	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) • ကျေးရွာခန်းမရှိပါက သာရေး၊နာရေး၊ဘာသာရေးပွဲများ ပြုလုပ်နိုင်ရန် နေရာရှိလာမည် ဖြစ် သဖြင့် ဘုန်းကြီးကျောင်းအား အသုံးပြုရန် မလိုအပ်တော့ခြင်း • မထွာပ်ဌားရမ်းရန် မလိုအပ်တော့ခြင်း • ဟောပြောပွဲများ ပြုလုပ်နိုင်ရန် နေရာအဆင်ပြေခြင်း၊လူစုလူဝေးပြုလုပ်နိုင်ခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း(၅၀'×၂၆'×၁၂')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • ၉၅၀၀၀၀ (ငွေသား) • ××××××× (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၂၀	၁၃၅	၂၅၅	၄	၁၀	၁၉	၁၄	၄၇
အကျိုးခံစားမည့် ဦးရေ	၁၂၀	၁၃၅	၂၅၅	၄	၁၀	၁၉	၁၄	၄၇
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

ပန်ကျယ်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)

၂၁.၄.၂၀၂၀

(၃) စီမံချက် ပြီးစီးမည့်အချိန်

၂၁.၇.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည်တည်တံ့ခိုင်မြဲ အောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

ပန်ကျယ်ကျေးရွာ၊ လုံမွန်းကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုင်းလွတ်	ဦးစိုင်းထို့	၁၃/လရန(နိုင်)	၅၃	ဥက္ကဋ္ဌ	၀၉-၇၆၁၃၃၈၄၉
၂	ဦးဆန်အောင်	ဦးလုံးဆာ	၁၃/လရန(နိုင်)၀၆၆၂၈၉	၅၉	အတွင်းရေးမှူး	၀၉-၇၇၄၂၈၉၂၀
၃	ဦးရွှေမောင်	ဦးအိုက်ပီး	၁၃/လရန(နိုင်)၁၃၉၇၀၃	၃၉	ဘဏ္ဍာရေးမှူး	
၄	ဒေါ်နန်းအေးစော	ဦးအိုက်ပီး	၁၃/လရန(နိုင်)၁၃၂၅၈၀	၃၄	အဖွဲ့ဝင်	
၅	ဦးစိုင်းထွန်း	ဦးစိုင်းလုံ	၁၃/လရန(နိုင်)၁၉၄၆၉၀	၃၂	အဖွဲ့ဝင်	
၆	ဒေါ်နန်းစံနွမ်း	ဦးစံကျော်	၁၃/လရန(နိုင်)၁၅၃၄၅၇	၃၃	အဖွဲ့ဝင်	
၇	ဒေါ်စိန်ပန်း	ဦးအိုက်လိတ်	၁၃/လရန(နိုင်)၀၆၆၃၈၇	၄၉	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ဘ) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ဘ) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃		၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၂	၁၀	၂၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၇	၁၁	၂၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉	၁၀	၁၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၃	၉၆	၁၆၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၆	၈	၁၄
စုစုပေါင်း		၁၂၀	၁၃၅	၂၅၅
စုစုပေါင်း အိမ်ထောင်စု				၄၇

ရင်းမြစ်... (ဘ) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။(ဘ)နှစ်အောက်ကလေးများ နည်းပါးသဖြင့် ကလေးမွေးဖွားမှုနှုန်း နည်းပါသည်။ (၁)နှစ်မှ (၄)နှစ်အရွယ်ကလေးများ မူကြိုကျောင်းတက်ရန် ကျေးရွာတွင် မူကြိုကျောင်းမရှိသောကြောင့် ကလေးများ ဖွံ့ဖြိုးမှုနောက်ကျနိုင်သည်။ မူလတန်းကျောင်းအရွယ် ကလေးများမှာ လုံမွန်း အ.မ.က ကျောင်းသို့ (ဘ)မိုင်ခန့် ခရီးကို နေ့စဉ်သွားရပါသည်။ ထို့ကြောင့် အရွယ်နှင့်မမျှအောင် ပင်ပင်ပန်းပန်းဖြင့် ပညာကိုဆည်းပူးရပါသည်။ အလယ်တန်းကျောင်းအရွယ်ကလေးများသည် ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသည့် မိုင်းယော်အ.ထ.က(ခွဲ)သို့သွားရောက်ပညာ သင်ကြားရပါသည်။ အများအားဖြင့်မှာ ကျောင်းထွက်သည်ကများပါသည်။ ကလေးများ ကျောင်းထွက်ရသည့်အကြောင်းအရင်းမှာ ကျေးရွာနှင့် စာသင်ကျောင်းဝေးကွာခြင်း၊ မိဘများ စီးပွားရေး မပြေလည်ခြင်းနှင့် ပညာရေးအသိဉာဏ် နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်တွင် တောင်ယာကို အဓိကထား လုပ်ကိုင်ကြပါသည်။ သက်ကြီးရွယ်အိုများမှာ အများအားဖြင့် မိသားစုကို မှီခိုနေထိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-ဘ) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၄၇	၁၃၅		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၃၆	မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေနောက်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။ **လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်ပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်ရာတွင် အလုပ်သမားမရှိဘဲ ကျေးရွာတွင်းလုပ်အားချင်း ဖလှယ်၍ လုပ်ကိုင်ကြ**

ပါသည်။ အားလုံးမှာ ကိုယ်ပိုင်လုပ်ငန်းများ ဖြစ်ပါသည်။ သီးနှံစျေးကွက်ပေါ် မူတည်၍ ဝင်ငွေရရှိ ကြပါသည်။ ကျေးရွာတွင် မွေးမြူရေးကို ကျွဲနွားကိုသာ အဓိကမွေးမြူကြပါသည်။ မွေးမြူရေးမှာလဲ တစ်ဖက်တစ်လမ်းဝင်ငွေရရှိကြပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများမှာ သီးနှံစျေးကွက်မရှိခြင်းနှင့် တိရစ္ဆာန်စျေးကွက်မရှိခြင်းကြောင့် ဝင်ငွေရပေါက်ရလမ်း နည်းပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ပန်ကျယ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာ၌ ကျားတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၅၀၀၀) ကျပ်ရရှိပြီး မတစ်ဦးလျှင် နေ့စားလုပ်အားခ အများဆုံး(၄၀၀၀)ကျပ်ထိသာ ရရှိပါသည်။ ဝါးတား(လ်) အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးသော လုံမွန်းကျေးရွာရှိ နံနက်လျှော်ခြံတွင် သွားရောက် လုပ်ကိုင်ကြသည်။ လုပ်အားခမှာ အမျိုးသမီး (၄၀၀၀)နှင့် အမျိုးသား (၅၀၀၀) ရရှိပါသည်။ ရံဖန်ရံခါသာ လုပ်ကိုင်ကြရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၃၂	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၉၉	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပန်ကျယ်ကျေးရွာ၏ လယ်မြေ မြေဆီလွှာအရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်း ကောင်းမွန်နိုင်ပါသည်။ ယာမြေများ လည်း ထိုနည်းဖြင့် ဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်မတို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်တို့မရှိပါ။ ကျောက်၊ သဲ အသင့်အတင့်ရှိပါသည်။ ထုတ်ယူ သုံးစွဲရန် ခက်ခဲပါသည်။ သဘာဝအပင် မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အနည်းငယ်ရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးလှပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၁၀	၁၉	၁၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ပန်ကျယ်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုများ၊ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန် မပြေလည်သော အိမ်ထောင်စုများ ရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများ၏ နေအိမ်မှာ နံကပ် တစ်ထပ်တိုက် ဖြစ်ပြီး၊ ကျန်သောအိမ်ထောင်စုများမှာ ဝါးထရံကာသွပ်မိုးများ ဖြစ်ပါသည်။ ပန်ကျယ်ကျေးရွာသည် ရွာလုံးကျွတ် လယ်ယာလုပ်ငန်းများဖြင့်သာ အသက်မွေးကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူရာ ဝမ်းစာဖူလုံရေးအတွက် ဆင်းရဲသော အိမ်ထောင်စုများမှာ ဝမ်းစာဖူလုံမှုအတွက် ချေးယူခြင်းနှင့် လုပ်အားခကြိုယူခြင်း လုပ်ငန်းဖြင့်သာ ဖြေရှင်းကြပါသည်။ အများအားဖြင့်မှာ ဝမ်းစာဖူလုံကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၉		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိသားစုစောင့်ရှောက်မှုမရှိသော အသက်(၆၄)နှစ်အထက် မ (၁)ဦးရှိပါသည်။ သူတစ်ဦးတည်းသာလျှင် နေထိုင်ပါသည်။ ဆွေမျိုးများနှင့် အိမ်နီးနားချင်းများမှ ကျွေးမွေးစောင့်ရှောက်ထားပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၅) အိမ်ရှိပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် အားလပ်သည့်အချိန်တွင် လယ်ယာလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု (၉)အိမ် ရှိပါသည်။ ၎င်းတို့မှာလည်းအထက်ပါ နည်းအတိုင်း အသက်မွေးကြပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၆	မုန်တိုင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ငလျင်	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် □နိမ့်☑မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □လတ် ☑နိမ့်□မရှိ □
၁၂	၄က်ဖျားရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် □လတ် ☑နိမ့်□မရှိ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှုမှာ အလွန်နည်းပါးပါသည်။ သဘာဝ အရင်းအမြစ်များဖြစ်သည့် မြေများ ထပ်မံတိုးချဲ့ရန် မြေနေရာမြေမရှိတော့သည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေ ရရှိရေးတွင် မိုးရေကိုသာ အဓိကထား အားကိုးရသဖြင့် ရေအရင်းအမြစ်ရှားပါးမှုရှိပါသည်။ ကျန်သည့် ထိခိုက်လွယ်မှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်☑မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် □နိမ့်☑မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □လတ် ☑နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☑လတ် □နိမ့်□မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် □နိမ့်☑မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံဈေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက် သက်ရောက်မှု ခံရနိုင် သည့် သူများ ဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁□ ၂☑ ၃□	၅	၂	၇	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း □ သင့် ☑ ညံ့ □
၂	ရပ်မိရပ်ဖအဖွဲ့	၁□ ၂☑ ၃□	၅	၂	၇	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □
၃	ပညာရေးအဖွဲ့ အစည်း	၁□ ၂☑ ၃□	၅	၃	၈	ပညာရေး☑ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ပြည်သူ့စစ်အဖွဲ့	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ဘာသာရေး အဖွဲ့အစည်း	၁☐ ၂☑ ၃☐	၅	၄	၉	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မိခင်နှင့်ကလေး အမျိုးသမီး ရေးရာအဖွဲ့	၁☐ ၂☑ ၃☐		၁၀	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပညာရေးအဖွဲ့၊ မိခင်နှင့်ကလေးအမျိုးသမီး ရေးရာ အဖွဲ့၊ ဘာသာရေး အဖွဲ့အစည်းတို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများလိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်းအဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	KAI	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	NCV	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃	ဗွီးရှင်းဖန်း	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဌေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ပန်ကျယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်း (၃)ဖွဲ့ ရှိပါ သည်။ ၎င်းတို့မှာ ဗွီးရှင်းဖန်း၊ KAIနှင့်NCV တို့ဖြစ်ပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော ကူညီဆောင်ရွက် ပေး နေသော အဖွဲ့အစည်းများဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၉	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၃	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၄၇	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပန်ကျယ်ကျေးရွာတွင် မြေမဲ့ယာမဲ့များမရှိဘဲ အားလုံးမြေယာပိုင်ဆိုင်မှု ရှိကြပါသည်။ တောင်သူကြီးများမရှိဘဲ ဆင်းရဲသားတောင်သူ၊ တောင်သူငယ်နှင့် တောင်သူလတ်များသာ ရှိကြသည်ကို တွေ့ရှိရပါသည်။ မြေယာများ ထပ်မံတိုးချဲ့ရန် မြေနေရာနည်းပါး သည်ကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ☑	ရှိ□ မရှိ□ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပန်ကျယ်ကျေးရွာတွင် စိမ့်စမ်းရေနှင့် မိုးရေမှလွဲ၍ အခြားမရှိပါ။ စိုက်ပျိုးရေး အတွက်သော်လည်းကောင်း စိမ့်စမ်းရေနှင့် မိုးရေကိုသာ အဓိက အသုံးပြုကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၆၇	တင်း	၃၀	၃၅	၄၀	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
ပြောင်း	၁၂၅	တင်း	၆၀	၆၅	၇၀	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
မြေပဲ	၉	တင်း	၆၀	၇၀	၈၀	ဇွန်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပန်ကျယ်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲတို့ ဖြစ်ပါသည်။ သွင်းအားစုများဖြစ်သည့် မျိုးစေ့နှင့် မြေဩဇာများကို မိုင်းယော်ကျေးရွာသို့ အလွယ်တကူ သွားရောက်ဝယ်ယူနိုင်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ သီးနှံစျေးကွက်အလိုက် အတက်အကျပေါ် မူတည်၍ အမြတ်ရရှိကြပါသည်။အများအားဖြင့်မှာ ထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင် မြေဆီနည်းသောကြောင့် မြေဩဇာအများအပြားထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍ အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၂၈			၁၉
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			၄၆
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၉			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပန်ကျယ်ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ အထက်ပါ ဇယားအတိုင်း ဖြစ်ပါသည်။ လက်တွန်းထွန်စက် ပိုင်ဆိုင်မှုများပြီး ငှားရမ်း လုပ်ကိုင်ရသည့် တောင်သူဦးရေ နည်းပါသည်။ စပါးခြွေလှေ့စက် (၁)လုံးသာ ရှိပြီး တစ်ရွာလုံးငှားရမ်း အသုံးပြုကြပါသည်။ မြက်ရိတ်စက်များမှာ လယ်ယာသိမ်းချိန် ကြက်တွန်ဖြူစိုက်ရာတွင်လည်းကောင်း၊ ယာထွန်ရက်ခါနီး ခြံရှင်းရန်အတွက်

လည်းကောင်း အသုံးပြုကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ အသင့်တင့် အသုံးပြုနိုင်ကြသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ သီးနှံများကို ရောင်းချနိုင်သည်☑မဖြေဆိုပါ ☐

လေ့လာတွေ့ရှိချက်။ ။ ပန်ကျယ်ကျေးရွာတွင် သဘာဝရေမြေရာသီဥတု အနေအထားမှာ အသင့်တင့် မျှတမှုရှိပါသည်။ စိုက်ပျိုးရေ အရင်းအမြစ်နှင့်ပတ်သက်၍ စိမ့်စမ်းရေနှင့်မိုးရေကိုသာ အဓိကထား အသုံးပြုရပါသည်။ ချေးငွေဝန်ဆောင်မှုများမှာ KAIအဖွဲ့ မှ လာရောက်ထူထောင်ထားသော ငွေစုငွေချေးအဖွဲ့ ရှိပါသည်။ ငွေကို လုံလောက်သည့်ပမာဏအတိုင်း ရရှိနိုင်ခြင်း မရှိပါ။ ထို့အပြင် ရွာလုံးကျွတ် ပါဝင်ကြခြင်း မရှိပါ။ သီးနှံမျိုးစေ့ကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော မိုင်းယော်နှင့်(၂၇)မိုင်ဝေးသော လားရှိုးသို့ သွားရောက် ဝယ်ယူရသဖြင့် လွယ်ကူစွာ မရရှိနိုင်ပါ။ သဘာဝ မြေဆွေး၊ အော်ဂဲနစ်မြေဩဇာများကို ကျွဲ၊ နွားရှိသူများထံမှ ဝယ်ယူရရှိနိုင်သော်လည်း လုံလောက်သည့်အတိုင်းအတာ ပမာဏအတိုင်း မရရှိနိုင်ပါ။ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒ သွင်းအားစုများကို မိုင်းယော်ကျေးရွာနှင့် လားရှိုးမြို့တွင် ဝယ်ယူရရှိနိုင်သော်လည်း အလွယ်တကူ မရရှိနိုင်ပါ။ ခရီးဝေးသောကြောင့် ဖြစ်ပါသည်။လုပ်သားများကို လုပ်အားချင်းဖလှယ်၍ သော်လည်းကောင်း၊ အခြားကျေးရွာများမှလုပ်သားများကို ငှားရမ်းခြင်းဖြင့်သော်လည်းကောင်း ရရှိနိုင်ပါသည်။ နည်းပညာ ဝန်ဆောင်မှုများသီခြားမရှိပဲစိုက်ပျိုးရေးဆိုင်များမှ လမ်းညွှန်လာသည့်အတိုင်း

ဆောင်ရွက်ကြရပါသည်။ သီးနှံများကိုစွေးကွက်အတက်အကျ ပေါ်မူတည်၍ လားရှိုးမြို့သို့ သွားရောက် ရောင်းချကြပါသည်။ ယခုနှစ် အတောအတွင်း သီးနှံစွေးကွက် မကောင်းပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံစွေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စွေးကွက်မရှိပါ☐ မဖြေဆိုပါ ☑
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☐ မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ပန်ကျယ်ကျေးရွာသည် စိုက်ပျိုးမြေများ မြေဆီမကောင်းခြင်း၊ ရာသီဥတု

မမှန်ခြင်း၊ လယ်ယာမြေများ ထပ်မံတိုးချဲ့နိုင်ခြင်းလည်း မရှိပါ။ လယ်ယာမြေ ဆုံးရှုံးမှုများမရှိဘဲ ပလပ်မြေများလည်း မရှိပါ။ စိုက်ပျိုးရေများကို မိုးရေကိုသာ အားထားရသဖြင့် အလွယ်တကူ မရနိုင်ပါ။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများသည် KAIအဖွဲ့ မှ လာရောက်ထူထောင်ပေးထားသော အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်သည် ရွာလုံးကျွတ် ပါဝင်ခြင်းမရှိခြင်းကြောင့် လုံလောက်သည့်ပမာဏအတိုင်း ချေးယူနိုင်ခြင်းမရှိသောကြောင့် အလွယ်တကူ မရနိုင်ပါ။ သီးနှံမျိုးစေ့များကို ကျေးရွာနှင့် အလှမ်းကွာဝေးသည့် မိုင်းယော်ကျေးရွာနှင့် လားရှိုးမြို့သို့ သွားရောက်ဝယ်ယူရသဖြင့် အလွယ်တကူ မရနိုင်ပေ။ သဘာဝမြေဆွေးအော်ဂဲနစ်မြေဩဇာများကို နွားမွေးမြူသူများထံမှ ဝယ်ယူရသဖြင့် လုံလောက်သည့် ပမာဏအတိုင်း မရရှိသဖြင့် အလွယ်တကူ မရနိုင်ပါ။ ဓာတုဗေဒပိုးသတ်ဆေးများလဲ ဝေးကွာသည့်ဒေသများသို့ ဝယ်ယူရသဖြင့် လွယ်ကူစွာ မရနိုင်ပါ။ လုပ်သားများကို အခြားကျေးရွာမှ လုပ်သားများကို ငှားရမ်းအသုံးပြု ရခြင်း၊ ကျေးရွာတွင်း လုပ်ငန်းပြီးဆုံးသွားသူများမှ လုပ်သားအဖြစ် ပြန်လည်လုပ်ကိုင်သူများအား ပြန်လည်ငှားရမ်းခြင်းနှင့် လုပ်အားခြင်းဖလှယ်ရခြင်းတို့ကြောင့် အလွယ်တကူ မရနိုင်ပါ။ စိုက်ပျိုးရေး နည်းပညာများကို လာရောက်ပို့ချပေးမှုမရှိဘဲ စိုက်ပျိုးရေးဆိုင်များမှ မေးမြန်းပြီး စိုက်ပျိုးရသဖြင့် နည်းပညာများ အလွယ်တကူ မရရှိနိုင်ပါ။ သီးနှံစျေးကွက်များမှာ (၂၇)မိုင်ခန့် ဝေးသည့် လားရှိုးမြို့သို့ သွားရောက်ရောင်းချကြပါသည်။ စျေးနှုန်းအတက်အကျပေါ် မူတည်၍ ရောင်းချကြရပါသည်။ အများအားဖြင့်မှာ စျေးနှုန်းမှန်စွာဖြင့် ရောင်းချနိုင်မှုမရှိပါ။ ခရီးဝေးသောကြောင့် သယ်ယူစရိတ်မှာလည်း ကြီးမြင့်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၇	၁၃၆
နို့စားနွား		
ကျွဲ	၆	၃၃
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်		
ကြက်		
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပန်ကျယ်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းမှာ ကျွဲနှင့် နွားကို အဓိကထား မွေးမြူကြပါသည်။ ထိုသို့ မွေးမြူရာတွင် ကိုယ်ပိုင်လုပ်ငန်းများမဟုတ်ဘဲ မိုင်းယော်ကျေးရွာရှိ ချမ်းသာသူများ ထံမှ မွေးဖက်မွေးမြူကြပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☑ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☑ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☑ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☑
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
	မဖြေဆိုပါ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ☑
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွဲ၊ နွားမွေးမြူရန်အတွက် စားကျက်မြေများ ရှားပါးလာပါသည်။ အချို့နေရာတွင် ရေချောင်းများရှိသော်လည်း ရေမရှိသည့်နေရာတွင် နွား၊ ကျွဲများကို နေအိမ်ရောက်မှသာ တိုက်ကျွေးရ ပါသည်။ မျိုးကောင်းတိရစ္ဆာန်များကိုဝေးလံသည့် ဒေသ များသို့ သွားရောက် ဝယ်ယူမည်ဆိုပါက ရရှိနိုင် ပါသည်။ မွေးမြူရေးအစာ၊ ဆေးများကို လားရှိုးသို့ ဝယ်ယူနိုင်သော်လည်း သဘာဝစားကျက်မြေများတွင် သာ မွေးမြူကြပါသည်။ ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှုများမရှိဘဲ တိရစ္ဆာန်ကပ်ရောဂါအသွင်ဆောင်လာမှ သာ အုပ်ချုပ်ရေးမှူးမှတဆင့် တိ/မွေးကုဋ္ဌာနသို့ တင်ပြ၍ နည်းပညာပံ့ပိုးမှု ရရှိကြပါသည်။ထုတ်ကုန်များကို ရောင်းချမည်ဆိုပါက အိမ်တိုင်ရာရောက်လာရောက်ဝယ်ယူ ကြပါသည်။ ကျွဲ၊ နွားခြံများကို မိမိခြံအတွင်းတွင် သာ ထားရှိကြသဖြင့် မြေနေရာ လုံလောက်မှု အသင့်တင့် ရှိပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☑
ရေရရှိမှု	ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ ☐ မဖြေဆိုပါ ☑
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐ မျိုးကောင်း တိရစ္ဆာန်များ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ☐ ချေးငွေ လုံးဝ မရပါ☐ မဖြေဆိုပါ ☑
သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) စျေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ☑
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်	ရေမြေအနေအထား မကောင်းပါ☐ မဖြေဆိုပါ ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရေမြေအနေအထား	
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
နည်းပညာ အကူ အညီနှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑
ငါးဖမ်းခွင့် ရရှိနိုင်မှု	မလွယ်ကူပါ ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွဲ၊ နွားမွေးမြူရာတွင် တောင်ယာများ များပြားလာမှုကြောင့် စားကျက်မြေ ရှားပါးလာသည်။ ရေချောင်းများ ခမ်းခြောက်သဖြင့် ရေရှိမှုနည်းပါးလာသည်။ မျိုးကောင်းတိရစ္ဆာန်များကို ဝေးလံဒေသများတွင် ဝယ်ယူရရှိနိုင်သော်လည်း ဝယ်ယူမှုမရှိပါ။ မွေးမြူရေးချေးငွေအတွက် ချေးယူကြခြင်း မရှိပါ။ မွေးမြူရေးအစာနှင့် ဆေးများကိုလားရှိုးသို့ မှာယူကြရပြီး အများအားဖြင့် သုံးစွဲနိုင်ခြင်းမရှိပါ။ နည်းပညာ ပံ့ပိုးမှုများ၊ ဝန်ဆောင်မှုများ သီးခြားမရှိပါ။ ထုတ်ကုန်များကို ပွဲစားများမှတစ်ဆင့် ရောင်းချရသောကြောင့် ဈေးနှုန်း မှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ အိမ်ခြံဝင်းမြေသည် လူဦးရေထူထပ်လာသောကြောင့် အလုံအလောက် မရနိုင်တော့ပါ။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐
လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း	ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက် အသင့်အတင့်☐ မဖြေဆိုပါ ☑
ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့် နားလည်သည် ☐ မဖြေဆိုပါ ☑
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ကောင်း ☐ သင့် ☐ မဖြေဆိုပါ ☑

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ကုန်ကြမ်း ရရှိနိုင်ခြင်း	ပေါများ ☐ သင့် ☐ မဖြေဆိုပါ ☑
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ကောင်း ☐ သင့် ☐ မဖြေဆိုပါ ☑
ချေးငွေ ရရှိနိုင်ခြင်း	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☐မဖြေဆိုပါ☑
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း	နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑
အလုပ်နှင့် လိုက်လျောညီထွေဖြစ် သော (သို့မဟုတ်) အသက်မွေးဝမ်း ကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☐ မဖြေဆိုပါ☑
အလုပ်အကိုင် အခွင့်အလမ်း	များ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အခွင့်အလမ်းများမှာ ခေါက်ဆွဲစားတူလုပ်ငန်း၊ ထင်းခုတ်ခြင်းလုပ်ငန်းနှင့် သစ်တောထွက် သစ်ဥ၊ သစ်ဖုများ ရှာဖွေခြင်းလုပ်ငန်းသာလျှင် လုပ်ကိုင်ကြပါသည်။ ကျန်သည့်လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိသဖြင့် ချေးငွေရယူရန် မလိုအပ်ပါ။ ထို့ပြင် ဟင်းသီးဟင်းရွက်ကို မိုင်းယော်စျေးသို့ ရောင်းချခြင်းတို့ဖြစ်ပါသည်

(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် **ပြဿနာနှင့်အခက် အခဲများ**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ"ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	ရှားပါး ☐ လုံးဝမရှိ ☐ မဖြေဆိုပါ ☑
လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်ရှိခြင်း	စျေးကွက်မကောင်း ☐ စျေးကွက်မရှိ ☑ မဖြေဆိုပါ ☐
စျေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	စျေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☐ လုံးဝ နားမလည် ☑ မဖြေဆိုပါ ☐
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ညံ့ ☑ အလွန်ညံ့ ☐ မဖြေဆိုပါ ☐
ကုန်ကြမ်း ရရှိနိုင်ခြင်း	ကုန်ကြမ်းရရှိမှု နည်းသည် ☐ ကုန်ကြမ်း မရှိပါ ☑မဖြေဆိုပါ ☐
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ပုံမှန်မရပါ ☐ လုံးဝ မရပါ☑ မဖြေဆိုပါ ☐
ချေးငွေ ရရှိနိုင်ခြင်း	လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☑ချေးငွေမရပါ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ”ဟူသောအကွက်ကိုရွေးရန်။)
